Funded by the European Union

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

TDP
Trade Development Programme




# ပို့ကုန်တင်ပို့သူ မှတ်ပုံတင်ခြင်း စနစ်

## မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍအလွှာစုံ အသုံးပြုသူများအတွက် လမ်းညွှန်

ဒီဇင်ဘာလ ၂၀၁၇ (ဒုတိယအကြိမ်)

Implemented by

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

# ကုန်သွယ်မှုဆိုင်ရာလမ်းညွှန်

ဒီဇင်ဘာလ ၂၀၁၇(ဒုတိယအကြိမ်)



**စာဖတ်သူများအတွက်အထူးမှာကြားချက်**

ယခုလမ်းညွှန်စာအုပ်သည် စာဖတ်သူများအတွက် ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX)နှင့် ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများကိုနားလည်သဘောပေါက်စေရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပြီး၊ ဥပဒေဆိုင်ရာ စာသားများမဟုတ်ပါ။ ယခုလမ်းညွှန်စာအုပ်တွင် ကိုးကားထားသည်များသည် ဥရောပသမဂ္ဂ၏ စည်းမျဉ်း စည်းကမ်းများတွင်ပါဝင်သော ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်ပြီး ၎င်းတို့အား ဥရောပသမဂ္ဂ၏ တရားဝင် ဂျာနယ်တွင် သင့်တင့်လျှောက်ပတ်စွာရယူ သုံးစွဲပုံနှိပ်ဖော်ပြထားသည်။

ယခုလမ်းညွှန်စာအုပ်အား ဥရောပသမဂ္ဂ၏အကူအညီဖြင့် ရေးသားပြုစုထုတ်ဝေခြင်းဖြစ်သည်။ ဤစာအုပ်တွင် ဖော်ပြပါရှိသည့်အကြောင်းအရာများသည် ရေးသားပြုစုသူများ၏တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ အမြင်သဘောထားကို မည်သည့်နည်းဖြင့်မျှ ထင်ဟပ်ပြသနိုင်ခြင်းမရှိပါ။

## Table of Contents


၁။ REX စနစ်ဆိုသည်မှာအဘယ်နည်း?............................................................ 1

၂။ မြန်မာနိုင်ငံတွင် REX စနစ်ကိုမည်သည့်အချိန်၌ကျင့်သုံးမည်နည်း? ........................2

၃။ ကျွန်ုပ်အနေဖြင့်မှတ်ပုံတင်ပြီးပို့ကုန်တင်ပို့သူတစ်ဦးမည်သို့ဖြစ်လာသနည်း?............... 4

၄။ အချက်အလက်များကို မှတ်ပုံတင်ခြင်းနှင့် ဂက်ဘ်ဆိုက်တွင်ဖော်ပြခြင်း .................... 6

၅။ ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အားဖြည့်စွက်ဆောင်ရွက်ခြင်း ............................... 8

၆။ ပို့ကုန်တင်ပို့သူ၏တာဝန်ဝတ္တရားများ ..........................................................10

၇။ မှတ်ပုံတင်ခြင်းကို ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းပယ်ဖျက်ခြင်း ...................................12

၈။ ထပ်မံသိလိုသောသတင်းအချက်အလက်များအတွက် ဇစ်မြစ်များနှင့် အချိတ်အဆက်များ ....................................................................................................... 14

၉။ နောက်ဆက်တွဲ .........................................................................................15

## ၁။ REX စနစ်ဆိုသည်မှာအဘယ်နည်း?

ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံ (LDC) တစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် လက်နက်ခဲယမ်းများမှလွဲလျှင် ကျန်ထုတ်ကုန်ပစ္စည်းအားလုံးအတွက် ဥရောပဈေးကွက်ကို အကောက်အခွန်လွတ်၊ ကိုတာလွတ် ဝင်ရောက်နိုင်ခွင့်ရရှိသည်။ (၎င်းအား ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ် အောက်ရှိ "လက်နက်မှလွဲ၍အရာရာတိုင်း" (EBA) အစီအစဉ်ခေါ် အီးယူ (GSP) ဟုခေါ်သည်။)

အဆိုပါဦးစားပေးဈေးကွက်ဝင်ရောက်နိုင်မှုအခွင့်အရေးကိုရရှိရန် မြန်မာပို့ကုန်တင်ပို့သူများသည် ၎င်းတို့၏ထုတ်ကုန်များကို မြန်မာနိုင်ငံတွင်း၌ မူလထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သက်သေပြသရမည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ဥရောပသမဂ္ဂသည် GSP ခံစားခွင့်ရှိသောနိုင်ငံများကိုသာလျှင် အထူးအကောက်ခွန်ကင်းလွတ်ခွင့်ပေးသည်။ လက်ရှိကျင့်သုံးလျှက်ရှိသောစနစ်အရ ပို့ကုန်တင်ပို့သူများသည် ကုန်တန်ဘိုး ယူရို ၆၀၀၀ ထက်ကျော်လွန်သော ပို့ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (ပုံစံ A) ရရှိရန် လိုအပ်သည်။ အဆိုပါ ပုံစံ A ကို ပို့ကုန်တစ်ခုချင်းအတွက် တောင်းခံရန်လိုအပ်ပြီး အရည်အချင်းပြည့်မီသော အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုက တံဆိပ်ရိုက်နှိပ်ကာထုတ်ပေးရသည်။ (မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပေးရသည်။)

### လက်ရှိကျင့်သုံးနေသောစနစ် (REX မတိုင်မီ)




၂၀၁၈ ခုနှစ်တွင် ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX) ကို မြန်မာနိုင်ငံ၌ စတင်မိတ်ဆက်သွားသည့်အခါ ပုံစံ (A) ကို အသုံးပြုခြင်းအား တစ်စတစ်စ ဖျက်သိမ်းသွားမည်ဖြစ်သည်။ ယင်းအစား မှတ်ပုံတင်ထားပြီး

ပို့ကုန်တင်ပို့သူများသည် ပင်ရင်းထုတ်ကုန်ကြေညာချက်ကို ကိုယ်တိုင် ဖြည့်သွင်းဆောင်ရွက်ခွင့်ရှိလာမည်ဖြစ်သည်။ ပင်ရင်းထုတ်ကုန်မှန်ကန်ကြောင်း ကိုယ်တိုင်သက်သေခံရသော ယခုစနစ်သည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ရရှိခြင်းနှင့်ဆက်စပ်သော အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုတ်ဝန်ပိုးကို လျှော့ချပေးခြင်းဖြင့် LDC များမှ ပို့ကုန်များကို အထောက်အကူပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

**REX စနစ်**




## ၂။ မြန်မာနိုင်ငံတွင် REX စနစ်ကိုမည်သည့်အချိန်၌ကျင့်သုံးမည်နည်း?

REX စနစ်ကို GSP ခံစားခွင့်ရှိသောနိုင်ငံများတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ကျင့်သုံးခဲ့သည်။ သို့သော် မြန်မာနိုင်ငံက ၎င်းတို့အနေဖြင့် REX စနစ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ကျင့်သုံးသွားမည်ဟု ဥရောပကော်မရှင်သို့ အသိပေးခဲ့သည်။ တစ်နှစ်တာကူးပြောင်းကာလအတွက် စနစ်ဟောင်း (ပုံစံ A) နှင့် စနစ်သစ် (ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာခြင်း)တို့ကို တစ်ပြိုင်နက်ကျင့်သုံးသွားမည်ဖြစ်သည်။ မှတ်ပုံတင်ထားခြင်းမရှိသည့် ပို့ကုန်တင်ပို့သူအနေဖြင့် (ပုံစံ A) ကို ဆက်လက်အသုံးပြုနေသည့်အချိန်တွင် မှတ်ပုံတင်ထားပြီး ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်ကို ကိုယ်တိုင်ဖြည့်သွင်းဆောင်ရွက်နိုင်မည်ဟု ဆိုလိုသည်။ ပို့ကုန်တင်ပို့သူအားလုံး (မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံတင်မထားသည်ဖြစ်စေ) ယူရို ၆၀၀၀ ထက်နည်းသော တင်ပို့ကုန်များအတွက် ပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်အား ဖြည့်သွင်း ဆောင်ရွက်ခွင့်ရှိသည်။ အကူးအပြောင်းကာလအတွက် အချိန်ပိုမိုလိုအပ်ပါက မြန်မာနိုင်ငံအနေဖြင့် နောက်ထပ် ၆ လ (၂၀၁၉ ခုနှစ် ဇွန်လအထိ) ထပ်မံတိုးမြှင့်ရန် တောင်းဆိုနိုင်သည်။




➔ အကူးအပြောင်းကာလပြီးဆုံးသွားသောအခါ ယူရိုငွေ ၆၀၀၀ အထက် ပို့ကုန်ပစ္စည်းများအတွက် မှတ်ပုံတင်ထားပြီး ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဖြည့်သွင်းဆောင်ရွက်ထားသည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်နှင့် ပူးတွဲတင်ပြမှသာလျှင် GSP အထူးဦးစားပေးအကောက်ခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

## ၃။ ကျွန်ုပ်အနေဖြင့်မှတ်ပုံတင်ပြီးပို့ကုန်တင်ပို့သူတစ်ဦးမည်သို့ဖြစ်လာသနည်း?

(၁) အွန်လိုင်းလျှောက်လွှာအားဖြည့်သွင်းပါ။(လုပ်ရိုးလုပ်စဉ်တစ်ကြိမ်တည်းပြီးမြောက်နိုင်သည့် အရာဖြစ်သည်။)https://customs.ec.europa.eu/rex-pa-ui/

(၂) စာရွက်အား Save လုပ်၊ ပုံနှိပ်ထုတ်ယူပြီး လက်မှတ်ထိုးပါ။

(၃) လက်မှတ်ထိုးပြီးသားပုံစံစာရွက်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ပေးပို့ပါ။

### လျှောက်လွှာပုံစံဖြည့်သွင်းနည်းလမ်းညွှန် -

| | |
|---|---|
| ၁။ | တင်ပို့သူ၏အမည်၊ လိပ်စာအပြည့်အစုံ၊ နိုင်ငံ၊ EORI သို့မဟုတ် TIN (ထကသနံပါတ်)<br>**ပို့ကုန်တင်ပို့သူအမည်၊ အိမ်အမှတ်၊ လမ်းအမည်၊ စာတိုက်သေတ္တာအမှတ်၊ မြို့တော် အမည်နှင့်**<br>**ကုန်သွယ်သူစိစစ်ရေးသက်သေခံနံပါတ် TIN (ထကသနံပါတ်) (TIN ကို MoC )** |
| ၂။ | တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် ဖြစ်နိုင်လျှင် အီးမေးလ်လိပ်စာအပါအဝင် ဆက်သွယ်ရမည့် အချက်အလက် အသေးစိတ်<br>**တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်နှင့် (ဖြစ်နိုင်လျှင်) အီးမေးလ်လိပ်စာတို့အပါအဝင် ဆက်သွယ်ရ မည့်သူ၏ ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ** |
| ၃။ | အဓိကလုပ်ငန်းက ထုတ်လုပ်ရေး သို့မဟုတ် ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုသည်ကို ဖော်ပြရန်<br>**အချက်တစ်ခုသို့မဟုတ် နှစ်ခုစလုံးဖြစ်နိုင်သည်။** |
| ၄။ | Harmonised စနစ်၏ ထိပ်ဆုံးနံပါတ်များ(သို့မဟုတ် Harmonised စနစ်၏ ထိပ်ဆုံးနံပါတ် နှစ်ဆယ်ကျော်အတွင်းကျရောက်သည့် ကုန်စည်များရှိရာအခန်းများ) ၏ ညွှန်ပြသောစာရင်းအပါအဝင် အထူးအကောက်ခွန် ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မှီသည့် ကုန်စည်များ၏ ဖော်ပြချက်<br>**ရှေ့ဆုံး HS နံပါတ်များ ရိုက်သွင်းပါ။ ဥပမာ- ၆၂၀၁ (အမျိုးသားဝတ် သို့မဟုတ် ကလေးဝတ်အပေါ်ရုံကုတ်အင်္ကျီ၊ တင်ပါးအထိဖုံးသော ကုတ်အင်္ကျီရှည်များ (....)) ဖော်ပြထားသောစာရင်းဖြစ်သည်။ အကယ်၍ အဆိုပါစာရင်းတွင် မပါဝင်သည့် ထုတ်ကုန်တစ်ခုအတွက် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်တစ်ခုအား ဖြည့်သွင်းဆောင်ရွက်ထားမည်ဆိုပါက ထိုအရာသည် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အား ငြင်းပယ်နိုင်သည့် အကြောင်းပြချက်မဟုတ်ပေ။ သို့သော် အကောက်ခွန် တာဝန်ရှိသူများအတွက်မူ ထိုအရာအား အတည်ပြုမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ စတင်ရန် အကြောင်းပြချက်တစ်ရပ်ဖြစ် ကောင်းဖြစ်နိုင်သည်။** |
| ၅။ | ပို့ကုန်တင်ပို့သူတစ်ဦးတာဝန်ယူရမည့်အချက်များ<br><br>အတည်ပြုလက်မှတ်ရေးထိုးလိုက်သည့်အတွက်-<br>- အထက်ဖော်ပြပါအသေးစိတ်အချက်အလက်များသည်မှန်ကန်ကြောင်းကြေညာပါသည်။<br>- ယခင်ကမှတ်ပုံတင်ခြင်းအားရုပ်သိမ်းပယ်ဖျက်ခဲ့ခြင်းမရှိဟု သက်သေပြုပါသည်။ အပြန်အလှန်အားဖြင့် ယင်းကဲ့သို့ ရုပ်သိမ်းပယ်ဖျက်သည်အထိဖြစ်စေသည့် အခြေအနေကို ပြင်ဆင်ကုစားပြီးကြောင်း သက်သေပြုပါသည်။<br>- အထူးအကောက်ခွန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မှီသောကုန်စည်များအတွက်သာ ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်မည်ဖြစ်ပြီး အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်တွင်ပါဝင်သော ကုန်စည်များအတွက် သီးသန့်ဖော်ပြထားသည့် ပင်ရင်းဒေသစည်းမျဉ်းများနှင့်ကိုက်ညီမှုရှိပါသည်ဟု တာဝန်ယူပါသည်။<br>- အထူးအကောက်ခွန်ကင်းလွတ်ခွင့်ရသော ကုန်စည်များအား ထုတ်လုပ်/ရောင်းချခြင်းအတွက် သင့်လျော်သော ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရင်းဇယားမှတ်တမ်းမှတ်ရာများကို ထိမ်းသိမ်းရန်နှင့် ၎င်းတို့အား ပင်ရင်းဒေသဖော်ပြချက်အား ဖြည့်စွက်ဆောင်ရွက်ခဲ့သော ပြက္ခဒိန်နှစ်၏အဆုံးမှစ၍ အနည်းဆုံး ၃ နှစ်အထိ ထိန်းသိမ်းထားရန်တာဝန်ယူပါသည်။ |

- ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်ရရှိသည့်အခါ ၎င်း၏မှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များ တွင် အပြောင်းအလဲတစ်ခုခုရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ ချက်ချင်းအသိပေး ပါမည်ဟု တာဝန်ယူပါသည်။
- သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပါမည်ဟု တာဝန်ယူပါသည်။
- ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များတိကျမှန်ကန်မှုအပေါ် မည်သည့်စစ်ဆေးမှုမဆိုပြုလုပ်ခြင်းကို လက်ခံရန် တာဝန်ယူပါသည်။ စာရင်းဇယားမှတ်တမ်းများကို အတည်ပြုစစ်ဆေးခြင်း၊ စက်ရုံနေရာများသို့ ဥရောပကော်မရှင် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများမှ အာဏာပိုင်အဖွဲ့အစည်းများ လာရောက်စစ်ဆေးခြင်းနှင့် နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်းများလာရောက်စစ်ဆေးခြင်းကို လက်ခံရန်တာဝန်ယူရမည်။ (အခွင့်အရေးခံစားခွင့်ရှိသည့်နိုင်ငံများရှိ ပို့ကုန်တင်ပို့သူများနှင့်သာသက်ဆိုင်သည်။)
- အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်နှင့်အကျုံးဝင်သော မည်သည့်ကုန်စည်ကိုမဆို တင်ပို့ခြင်း အတွက် အခြေအနေများနှင့် ဆက်လက်ကိုက်ညီခြင်းမရှိတော့ပါက စနစ်အတွင်းမှ ၎င်းအားဖယ်ရှားရန် တောင်းဆိုဖို့ တာဝန်ယူရမည်။

**လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည် အထက်ဖော်ပြပါအချက်များအားလုံးကို သဘောတူညီရာရောက်သည်။ (မဖြစ်မနေလုပ်ဆောင်ရန်)**

နေရာ၊ ရက်စွဲ၊ သဘောတူညီချက်တွင်ပါဝင်လက်မှတ်ရေးထိုးသူ၏လက်မှတ်၊ အမည်နှင့် ရာထူး

၆။ ပို့ကုန်တင်ပို့သူ၏အချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို ယင်းမတိုင်မီ အထူးသဖြင့် သဘောတူညီရမည်။

ယခုထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် အများပြည်သူထံဖော်ပြသွားမည်ကို လက်မှတ်ရေးထိုးသူအား အသိပေးထားပါသည်။ လက်မှတ်ရေးထိုးသူသည် အဆိုပါသတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကိုလက်ခံပါသည်။ လက်မှတ်ရေးထိုးသူသည် မှတ်ပုံတင်ခြင်းအတွက် တာဝန်ယူထားသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ တောင်းဆိုချက်ပေးပို့ခြင်းဖြင့် အဆိုပါသတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကို သဘောတူညီမှုအား ဖယ်ရှားနိုင်ခွင့်ရှိသည်။

**လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည် ၎င်းရေးသွင်းထားသောအချက်အလက်များအားလုံးကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို သဘောတူညီရာရောက်သည်။ (မဖြစ်မနေလုပ်ဆောင်ရန်မလို) အကယ်၍သဘောတူလက်မှတ်ရေးထိုးခြင်းမပြုပါက အမည်မသိအချက်အလက်တစ်ချို့ကိုသာလျှင် ဝက်ဘ်ဆိုက်တွင် ဖော်ပြမည်။ (သတင်းအချက်အလက်များကို အောက်တွင်ကြည့်ပါ (အခန်း ၄)**

၇။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ ရုံးလုပ်ငန်းအတွက်အသုံးပြုရန်နေရာဖြစ်သည်။

**အပိုင်း ၇ သည်ရုံးလုပ်ငန်းသုံးရန်ဖြစ်သည်။**

လျှောက်ထားသူအား အောက်ပါနံပါတ်များအရ မှတ်ပုံတင်သည်-

မှတ်ပုံတင်အမှတ် ______________________

မှတ်ပုံတင်သည့်ရက်စွဲ ______________________

မှတ်ပုံတင်မှုတရားဝင်သည့်ရက်စွဲ ______________________

လက်မှတ်နှင့် တံဆိပ်တုံး ______________________

**၄။ အချက်အလက်များကို မှတ်ပုံတင်ခြင်းနှင့် ဝက်ဘ်ဆိုက်တွင်ဖော်ပြခြင်း**

**အကယ်၍လျှောက်လွှာတွင်ဖြည့်သွင်းထားသောသတင်းအချက်အလက်များမှန်ကန်ပြည့်စုံပြီဆိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် -**

(က) မှတ်ပုံတင်ပြီးပို့ကုန်လုပ်ငန်းရှင်အား REX နံပါတ်တစ်ခုသတ်မှတ်ပေးကာ အဆိုပါနံပါတ်အား မှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်နှင့် မှတ်ပုံတင်ခြင်းတရားဝင်သည့် ရက်စွဲတို့နှင့်အတူ REX စနစ်[၁] အတွင်းထည့်သွင်းပေးမည်ဖြစ်သည်။

(ခ) ထို့နောက် ပို့ကုန်တင်ပို့သူထံ ၄င်း၏ REX နံပါတ်နှင့် မှတ်ပုံတင်ခြင်းတရားဝင်သည့် ရက်စွဲတို့ကို ကြောင်းကြားပေးမည်ဖြစ်သည်။

**REX နံပါတ်-**

- ဂဏန်းနှင့် အက္ခရာများပါဝင်သည့် စာလုံး ၃၅ လုံးအထိပါဝင်သောနံပါတ်ဖြစ်ပြီး နိုင်ငံသင်္ကေတ "MM" နှင့် "REX" စကားလုံးများနှင့်စတင်သည်။ ဥပမာ - MMREX123
- ပို့ကုန်တင်ပို့သူအား ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်နိုင်စေမည့် တရားဝင်ခွင့်ပြုသည့်နံပါတ်တစ်ခုအဖြစ် ဆောင်ရွက်သည်။ (အခန်း ၅ ကို ရှုရန်)
- ဒေသတွင်းနှင့် နှစ်နိုင်ငံပေါင်းစပ်တွက်ချက်ရာတွင်ပါဝင်သော ဥရောပသမဂ္ဂနှင့် GSP ခံစားခွင့်ရှိသော နိုင်ငံများရှိ သွင်းကုန်တင်သွင်းသူများအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်၏ တရားဝင်ဖြစ်မှုကို အတည်ပြုရန် REX နံပါတ်ကိုအသုံးပြုနိုင်သည်။ ၄င်းတို့အနေဖြင့် ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်အား လက်ခံရရှိသည့်အခါ အဆိုပါနံပါတ်အား အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ထည့်သွင်းကြည့်ခြင်းအားဖြင့် အတည်ပြုနိုင်သည်။

http://ec.europa.eu/taxation_customs/dds2/eos/rex_home.jsp?Lang=en

**အကယ်၍ ပို့ကုန်တင်ပို့သူအနေဖြင့် ၄င်း၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို ဖော်ပြရန် သဘောမတူခဲ့ပါက (လျှောက်လွှာ၏ အပိုင်း ၆) အောက်ပါသတင်းအချက်အလက်များကိုသာလျှင် အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်-**

(၁) REX နံပါတ်

(၂) မှတ်ပုံတင်ခြင်းတရားဝင်သည့်ရက်စွဲ

---

[၁] REX စနစ်သည် ဥရောပကော်မရှင်ကထောက်ပံ့ထားသည့် ဇဟိုအွန်လိုင်းအချက်အလက်အစုအဝေးတစ်ခုဖြစ်သည်။ ၎င်းသည် GSP ခံစားသောနိုင်ငံများရှိ ပို့ကုန်တင်ပို့သူများနှင့် ဥရောပသမဂ္ဂရှိ လည်ပတ်ဆောင်ရွက်သူများကို စာရင်းပြုစုထားသည်။ ဥပမာ- နှစ်နိုင်ငံပေါင်းစုမှုပြုရန် ရည်ရွယ်ချက်ဖြင့် GSP ခံစားသောနိုင်ငံများသို့ တင်ပို့ကြသူများဖြစ်သည်။

(၃)	ပြန်လည်ရုတ်သိမ်းသည့်ရက်စွဲ (အကယ်၍သက်ဆိုင်လျှင်)

(၄)	မှတ်ပုံတင်ခြင်းသည် နော်ဝေ (သို့မဟုတ်) ဆွစ်ဇာလန်နိုင်ငံတို့သို့ တင်ပို့ရန်လည်း အသုံးပြုနိုင်ခြင်းရှိမရှိနှင့်ဆိုင်သည့် သတင်းအချက်အလက်

(၆)	REX စနစ်နှင့် အများပြည်သူဆိုင်ရာဂက်ဘ်ဆိုက်တို့အကြား နောက်ဆုံးအချိန်ကိုက် ဆောင်ရွက်ခဲ့သည့် ရက်စွဲ

## ၅။ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အားဖြည့်စွက်ဆောင်ရွက်ခြင်း

ပို့ကုန်တင်ပို့သူသည် REX စနစ်တွင် မှတ်ပုံတင်ပြီး REX နံပါတ်လက်ခံရရှိသည်နှင့် EU GSP မှခွင့်ပြုထားသည့် ၎င်း၏ ပို့ကုန်အားလုံးအတွက် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းခွင့်ရှိသည်။ ယူရို ၆၀၀၀ အောက်နည်းသော ပို့ကုန်ပစ္စည်းများအတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ (သို့မဟုတ် REX အား အကောင်အထည်ဖော်ဆောင်မှု နှောင့်နှေးကြန့်ကြာနေပါက ထို့ထက်နောက်ကျသောရက်တွင်) ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည်။

**ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်စာသား[၂]-**

ပို့ကုန်တင်ပို့သူအမည်နှင့် REX နံပါတ်အားထည့်သွင်းပါ။

Enter „Myanmar"
"မြန်မာ"ဟုထည့်သွင်းပါ။

ပို့ကုန်တင်ပို့သူ...... (ယခုစာရွက်စာတမ်းတွင်ပါဝင်သည့် ထုတ်ကုန်ပစ္စည်းများ၏ မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူအရေအတွက် (၂) (၃) (၄) သည် ရှင်းရှင်းလင်းလင်းညွှန်ပြထားခြင်းမရှိသည်မှလွဲ၍ အဆိုပါ ထုတ်ကုန်များသည် .......အထူးအကောက်ခွန်ကင်းလွတ်ခွင့်ရ မူလထုတ်ကုန်များဖြစ်ကြသည်။ (၅) ဥရောပသမဂ္ဂ အထူးအကောက်ခွန်ကင်းလွတ်ခွင့်စနစ်၏ ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းများအရနှင့် ပင်ရင်းထုတ်ကုန်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည်.........(၆)။

ရာနှုန်းပြည့်ပြည်တွင်းထုတ်ကုန်များအတွက် အင်္ဂလိပ်အက္ခရာ'P' ကို ထည့်သွင်းပါ။ လုံလောက်စွာပြုပြင်ထုတ်လုပ်ထားပြီးထုတ်ကုန်များအတွက် Harmonised စနစ် (HS) ဂဏန်း(၄) လုံးနောက်မှ အင်္ဂလိပ်အက္ခရာ'W' ထည့်သွင်းပါ။
အကယ်၍လိုအပ်ပါကပေါင်းစပ်တွက်ချက်သည့်ပုံစံကို ဖော်ပြရမည် (ဥပမာ regional; EU)

ပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်ကို **ကုန်ပို့လွှာ (invoices)** သို့မဟုတ် အခြားမည်သည့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းများအတွက်မဆို ဖြည့်သွင်း ဆောင်ရွက်နိုင်သည်။ အဆိုပါ စာရွက်စာတမ်းများတွင်-

- မှတ်ပုံတင်ထားပြီးပို့ကုန်တင်ပို့သူ၏အမည်နှင့် လိပ်စာအပြည့်အစုံ

[၂] ပင်ရင်းဒေသဆိုင်ရာအောက်ခြေမှတ်စုများကို ယခုစာအုပ်၏နောက်ဆက်တွဲတွင်တွေ့ရှိနိုင်သည်။

- ထုတ်ကုန်များ၏ အသေးစိတ်ဖော်ပြချက် (မူလမဟုတ်သည့်ထုတ်ကုန်များကို ရှင်းလင်းစွာသတ်မှတ်ဖော်ပြရမည်၊ ဥပမာ ကွင်းစကွင်းပိတ်ဖြင့်)
- ထုတ်ပေးသည့်ရက်စွဲ

ပင်ရင်းဆိုင်ရာဖော်ပြချက်ကို စာရိုက်ခြင်း၊ ပုံနှိပ်ခြင်း သို့မဟုတ် တံဆိပ်တုံးနှိပ်ခြင်းများ ပြုလုပ်နိုင်သည်။ ပို့ကုန်တင်ပို့သူ၏ လက်ရေးလက်မှတ်မလိုအပ်ချေ။ ပင်ရင်းထုတ်ကုန် ဆိုင်ရာဖော်ပြချက်ကို မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူကို ရှင်းရှင်းလင်းလင်းသိရှိ နေသမျှကာလပတ်လုံး တတိယအဖွဲ့များ (third parties) များထံမှ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းများပေါ်တွင်လည်း တင်ပြနိုင်သည်။ (သယ်ယူပို့ဆောင်မှု ဆိုင်ရာစာရွက်စာတမ်းများ သို့မဟုတ် ဘီလ်များကို ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းများ ဟုမယူဆပေ။) အကယ်၍ ဖော်ပြချက်ကို သီးခြားစာရွက်တစ်ခုပေါ်တွင် ဖော်ပြပါက အဆိုပါသီးခြား စာရွက်သည် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းတစ်ခု၏ အစိတ်အပိုင်းဖြစ်ရန် လိုအပ်သည်။

နောက်ထပ်လုပ်ခြင်းမရှိသော ဒေသတွင်းပေါင်းစပ်တွက်ချက်သည့်ကိစ္စတွင် ပင်ရင်းထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်ကို အကောက်ခွန်ကင်းလွတ်ခွင့်ခံစားနိုင်သည့် ပင်ရင်းနိုင်ငံမှ ပို့ကုန်တင်ပို့သူကသာဖြည့်သွင်းဆောင်ရွက်သင့်ပြီး အကောက်ခွန်ကင်းလွတ်ခွင့်ခံစားနိုင်သည့် ပို့ကုန်နိုင်ငံမှ ပို့ကုန်တင်ပို့သူက ဆောင်ရွက်ရန်မသင့်ပေ။

## ၆။ ပို့ကုန်တင်ပို့သူ၏တာဝန်ဝတ္တရားများ

လိမ်လည်ခြင်းများကိုကာကွယ်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် REX စနစ်အခြေကျသည်နှင့်တစ်ပြိုင်နက် ပို့ကုန်တင်ပို့သူများအပေါ် ၎င်း၏ ကိုယ်တိုင်ဆောင်ရွက်မှုဖြင့် ပုံမှန် ထိန်းချုပ်ခြင်းမျိုးပြုလုပ်သွားမည်ဟု ယူဆထားသည်။ အဆိုပါစစ်ဆေးမှုများက တင်ပို့သော ထုတ်ကုန်များသည် မြန်မာနိုင်ငံတွင်ပင်ရင်းထုတ်လုပ်ခြင်းရှိမရှိ အတည်ပြုပေးနိုင်သည်။ ဝန်ကြီးဌာန အနေဖြင့် စာရွက်စာတမ်းများကို စစ်ဆေးခြင်း သို့မဟုတ် ပို့ကုန်တင်ပို့သူ၏ စက်ရုံ အဆောက် အဦးသို့သွားရောက်စစ်ဆေးခြင်းမျိုးအနက်တစ်ခုခုကို အခြေခံ၍ ဆောင်ရွက်နိုင်သည်။ အကယ်၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အကောက်ခွန်တာဝန်ရှိသူများက ပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်၏ မှန်ကန်မှုအပေါ် သံသယရှိပါက စစ်ဆေးထိန်းချုပ်ခြင်းများပြုလုပ်ပေးရန် ၎င်းတို့မှပန်ကြားတောင်းဆိုခြင်း မျိုးရှိနိုင်သည်။

ထို့ကြောင့် ပို့ကုန်တင်ပို့သူများနှင့် မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များ၏ ပင်ရင်းထုတ်ကုန်အနေအထားကို သက်သေပြသနိုင်မည့် သင့်လျော်သော စာရွက် စာတမ်းများကို မည်သည့်အချိန်မဆို တင်ပြနိုင်ရန်လိုအပ်သည်။

**အထူးသဖြင့် ပို့ကုန်တင်ပို့သူများသည် အောက်ပါ တာဝန်ဝတ္တရားများနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်သည်-**

(၁) အကောက်ခွန်ကင်းလွတ်ခွင့်ရရှိရန် အရည်အချင်းပြည့်စုံသော ကုန်စည်များထုတ်လုပ် ရောင်းချခြင်း နှင့် သက်ဆိုင်သည့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရင်းဇယားမှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရန်

(၂) ထုတ်လုပ်မှုတွင်အသုံးပြုသည့် အရာဝတ္ထုပစ္စည်းများနှင့်ဆက်စပ်သော ရရှိနိုင်သည့် သက်သေ အထောက်အထားအားလုံးကို ထိန်းသိမ်းထားရန်

(၃) ထုတ်လုပ်မှုတွင်အသုံးပြုသည့် အရာဝတ္ထုပစ္စည်းများနှင့်ဆက်စပ်သော အကောက်ခွန်ဆိုင်ရာ စာရွက်စာတမ်းအားလုံးကို ထိန်းသိမ်းထားရန်

(၄) အောက်ပါမှတ်တမ်းများကို အနည်းဆုံး ၃ နှစ်စာထိန်းသိမ်းထားရန်-

ဖြည့်သွင်းထားသော ပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်အားလုံး

မူလနှင့် မူလမဟုတ်သော အရာဝတ္ထုပစ္စည်းများ၊ ထုတ်လုပ်မှု၊ ကုန်ဝယ်စာရင်းများ

၃ နှစ်တာကာလသည် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်ထားသည့် ပြက္ခဒိန်နှစ် အဆုံး၌စတင်သည်။ ပို့ကုန်ပစ္စည်းများထုတ်ရာတွင်အသုံးပြုသော အရာဝတ္ထုပစ္စည်းများကို နောက်ကြောင်း လိုက်ရန်နှင့် ၎င်းတို့၏ပင်ရင်းအခြေအနေကို အတည်ပြုရန် ဖြစ်နိုင်သည့်ကာလပတ်လုံး အဆိုပါမှတ်တမ်း မှတ်ရာများနှင့် ဖော်ပြချက်များကို အီလက်ထရောနစ်ပုံစံတစ်ခုဖြင့် သိမ်းဆည်းထားနိုင်သည်။

အထက်ဖော်ပြပါ တာဝန်ဝတ္တရားများသည် ပို့ကုန်တင်ပို့သူများအတွက် ကုန်စည်များ၏ ပင်ရင်းထုတ်ကုန် အခြေအနေကို သက်သေခံသည့် ရောင်းချသူများ၏ ကြေညာချက်များကို ထောက်ပံ့ပေးသော ရောင်းချသူများအတွက်ပါ ကျင့်သုံးမည်ဖြစ်သည်။

အီးယူကော်မရှင်အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း ပုဒ်မ (၉၁)၊ (EU) 2015/2447 မှ ပို့ကုန်တင်ပို့သူများဆိုင်ရာ တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သော စည်းကမ်းများကိုချမှတ်သည်။

http://eur-lex.europa.eu/legal-content/EN/TXT/PDF/?uri=CELEX:32015R2447&from=EN

## ၇။ မှတ်ပုံတင်ခြင်းကို ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းပယ်ဖျက်ခြင်း

ပို့ကုန်တင်ပို့သူ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များတွင် မည်သည့်အပြောင်းအလဲကို မဆိုပြုလုပ်သည့်အခါ (ဥပမာ လိပ်စာပြောင်းလဲခြင်း) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ စာဖြင့်ရေးသား၍ ချက်ချင်းအကြောင်းကြားရန် တာဝန်ရှိသည်။ ဥပမာအားဖြင့် အဆိုပါကိစ္စကို လျှောက်လွှာအသစ်တင်ခြင်းအားဖြင့်ပြီးမြောက်စေနိုင်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် REX စနစ်အတွင်းရှိ အချက်အလက်များကို ချက်ချင်းပြင်ဆင်ရန်လိုအပ်သကဲ့သို့ ပို့ကုန်တင်ပို့သူထံကိုလည်း ၎င်း၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို အောင်မြင်စွာပြင်ဆင်ပြီးစီးသည့်အကြောင်း စာရေးသားအကြောင်းပြန်ရမည်ဖြစ်သည်။

ရှေ့နောက်မညီညွတ်မှုများရှာဖွေတွေ့ရှိပါက ဥပမာ လိပ်စာမှားယွင်းဖော်ပြထားခြင်း သို့မဟုတ် လျှောက်လွှာ၏ အပိုင်း (၄) တွင် တင်ပို့ကုန်များကိုဖော်ပြမထားခြင်းမျိုးတွေ့ရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သတိပေးချက်ထုတ်ပြန်ခြင်း သို့မဟုတ် ပို့ကုန်တင်ပို့သူထံ ၎င်း၏ သတင်းအချက်အလက်များကို ပြင်ဆင်ရန် တောင်းဆိုနိုင်သည်။ ဥပဒေအားချိုးဖောက်မှုသည် ဆိုးဝါးပြင်းထန်သည်ဟုယူဆပါက မှတ်ပုံတင်ခြင်းကို ရုပ်သိမ်းပယ်ဖျက်နိုင်သည်။

**မှတ်ပုံတင်ခြင်းကို အောက်ပါအကြောင်းပြချက်များကြောင့် ရုပ်သိမ်းပယ်ဖျက်နိုင်သည်-**

(၁) ကုမ္ပဏီဆက်လက်မတည်ရှိတော့ခြင်း/လုပ်ငန်းရပ်ဆိုင်းလိုက်ခြင်း

(၂) မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူသည် GSP အစီအစဉ်မှသတ်မှတ်ထားသော ပို့ကုန်များအတွက်အခြေအနေများနှင့် ဆက်လက်ကိုက်ညီခြင်းမရှိတော့ခြင်း

(၃) မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူက ၎င်းအနေဖြင့် GSP အစီအစဉ်ဖြင့် ပို့ကုန်များဆက်လက်တင်ပို့ရန် ရည်ရွယ်ထားခြင်းမရှိတော့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန သို့မဟုတ် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများရှိ အကောက်ခွန် အာဏာပိုင်အဖွဲ့များထံ အသိပေးအကြောင်းကြားခြင်း

(၄) မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူသည် ရည်ရွယ်လျက်ဖြစ်စေ မရည်ရွယ်ဘဲဖြစ်စေ မမှန်ကန်သောသတင်းအချက်အလက်များပါဝင်သည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်ကို ဖြည့်သွင်းဆောင်ရွက်ခဲ့သည်ဆိုလျှင် အထူးအကောက်ခွန်ကင်းလွတ်ခွင့်မှ မှားယွင်းစွာအကျိုးကျေးဇူးရရှိသွားနိုင်သည်။

တစ်ဦးချင်းတစ်ယောက်ချင်းဖြစ်ရပ်များအပေါ် မူတည်၍ ပယ်ဖျက်ရုပ်သိမ်းခြင်းကို မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူမှ တောင်းဆိုခြင်း သို့မဟုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပဏာမခြေလှမ်းဖြင့် (သို့မဟုတ် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အကောက်ခွန်အာဏာပိုင်အဖွဲ့အစည်းများမှ) တစ်နည်းမဟုတ်တစ်နည်းဆောင်ရွက်မှသာလျှင်ပြီးမြောက်နိုင်သည်။

မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရုတ်သိမ်းခြင်းသည် အနာဂတ်ကာလတွင် အကျိုးသက်ရောက်မှုရှိသည်။ အဓိပ္ပါယ်မှာ မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူထံ ပယ်ဖျက်ရုပ်သိမ်းကြောင်း အကြောင်းမကြားမီ ဖြည့်သွင်းဆောင်ရွက်ထားသည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များ၏ တရားဝင်မှု (သက်တမ်း) အပေါ် အကျိုးသက်ရောက်မှုရှိဟုဆိုလိုသည်။

အီးယူကော်မရှင်အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း ပုဒ်မ(၈၉)၊ (EU) 2015/2447 မှ မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူများမှတ်တမ်းမှ နုတ်ထွက်ခြင်းနှင့်သက်ဆိုင်သော စည်းကမ်းများကို ချမှတ်သည်။

http://eur-lex.europa.eu/legal-content/EN/TXT/PDF/?uri=CELEX:32015R2447&from=EN

## ၈။ ထပ်မံသိလိုသောသတင်းအချက်အလက်များအတွက် ဖစ်မြစ်များနှင့် အချိတ်အဆက်များ

**အီးယူကော်မရှင်အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း (EU) 2015/2447 မှ REX စနစ်၏ စည်းမျဉ်းများကိုချမှတ်သည်-**

http://eur-lex.europa.eu/legal-content/EN/TXT/PDF/?uri=CELEX:32015R2447&from=EN

**လျှောက်လွှာပုံစံ**ကို စာအုပ်၏ နောက်ဆက်တွဲ ၂၂-၀၆ တွင် တွေ့နိုင်သည်။

GSP အကြောင်းချင်းရာနှင့်ပတ်သက်သည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်စာသားကို စာအုပ်၏ နောက်ဆက်တွဲ ၂၂-၀၇ တွင် တွေ့နိုင်သည်။

**အီးယူကော်မရှင်၊ အကောက်ခွန်နှင့် အကောက်ခွန်သမဂ္ဂ ညွှန်ကြားမှုဦးစီးဌာန၊ ပို့ကုန်တင်ပို့သူများမှတ်ပုံတင်စနစ် (the REX system)-**

https://ec.europa.eu/taxation_customs/business/calculation-customs-duties/rules-origin/general-aspects-preferential-origin/arrangements-list/generalised-system-preferences/the_register_exporter_system_en

**ပို့ကုန်တင်ပို့သူများဆိုင်ရာမှတ်ပုံတင်စနစ် (REX) လမ်းညွှန်စာအုပ်**

http://www.cc.lu/uploads/media/FIT4CUSTOMS_-_Workshop_2_-_Registered_Exporter_System__REX_.pdf

## နောက်ဆက်တွဲ

## ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်- အောက်ခြေမှတ်စုများ

မည်သည့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းများတွင်မဆို ပို့ကုန်တင်ပို့သူနှင့် ပို့ကုန်လက်ခံသူ၏ အမည်နှင့် လိပ်စာအပြည့်အစုံကိုလည်းကောင်း ထုတ်ကုန်များ၏ ဖော်ပြချက်များနှင့် ထုတ်ပေးသည့် ရက်စွဲတို့ကိုလည်းကောင်း ဖော်ပြရန် (၁)

| |
|---|
| ပို့ကုန်တင်ပို့သူ......(ယခုစာရွက်စာတမ်းတွင်ပါဝင်သည့် ထုတ်ကုန်ပစ္စည်းများ၏ မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူအရေအတွက်(၂) (၃) (၄) သည် ရှင်းရှင်းလင်းလင်းညွှန်ပြထားခြင်းမရှိသည်မှလွဲ၍ အဆိုပါ ထုတ်ကုန်များသည်.....အထူးအကောက်ခွန်ကင်းလွတ်ခွင့်ရ မူလထုတ်ကုန်များဖြစ်ကြသည်။ (၅) ဥရောပသမဂ္ဂ အထူးအကောက်ခွန်ကင်းလွတ်ခွင့်စနစ်၏ ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းများအရနှင့် ပင်ရင်းဒေသဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည်.........(၆)။ |

(၁) ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်ဖြင့် အခြားဖော်ပြချက်တစ်ခုကို အစားထိုးရာတွင်အီးယူ ကော်မရှင် အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပုဒ်မ (၁၀၁) (၂) နှင့် (၃) အရ စည်းမျဉ်းစည်းကမ်း (EU) No 952/2013 ပါ ပြဋ္ဌာန်းသတ်မှတ် ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အသေးစိတ်စည်းမျဉ်းစည်းကမ်းများချမှတ်သည်။ (တရားဝင်ဂျာနယ် စာမျက်နှာ ၅၅၈ ကိုရှု)၊ ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အစားထိုးခြင်းကို "အစားထိုးဖော်ပြချက်" ဟု ဖော်ပြရမည်။ အစားထိုးဖော်ပြချက်တွင် မူလဖော်ပြချက်ထုတ်ပေးသည့်ရက်စွဲနှင့် အကောက်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) ၏ အပိုဒ် ၈၂(၆) အရ လိုအပ်သောအချက်အလက်များကိုလည်း ဖော်ပြရမည်။

(၂) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) အပိုဒ်ခွဲ ၁ နှင့် ပုဒ်မ ၁၀၁ အပိုဒ် (၃) တို့နှစ်ခုစလုံးအရ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ဖော်ပြချက်တစ်ခုကို ဖြည့်သွင်း ဆောင်ရွက်ရာ၌ ၎င်း၏အမည်နှင့် လိပ်စာအပြည့်အစုံကို ၎င်း၏ ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်နောက်မှ ဖော်ပြရမည်ဖြစ်သည်။

(၃) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) အပိုဒ်ခွဲ ၂ နှင့်အညီ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့်အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ဖော်ပြချက်တစ်ခုကို ဖြည့်သွင်းဆောင်ရွက်ရာ၌ ၎င်း၏အမည် နှင့် လိပ်စာအပြည့်အစုံကို "[အထူးအကောက်ခွန်ကင်းလွတ်ခွင့်ကိုခံစားသည့်နိုင်ငံရှိ ပို့ကုန်တင်ပို့သူ၏ အမည် နှင့် လိပ်စာအပြည့်အစုံဖြင့်] ဖြည့်သွင်းဆောင်ရွက်ထားသည့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း"ဟု ဖော်ပြချက်နောက်မှ ဖော်ပြပြီး၊ အောက်ပါနံပါတ်အရ မှတ်ပုံတင်ရမည်ဖြစ် သည်။ [အထူးအကောက်ခွန်ကင်းလွတ်ခွင့်ကိုခံစားသည့်နိုင်ငံရှိ ပို့ကုန်တင်ပို့သူ၏ ပို့ကုန်တင်ပို့သူ မှတ်ပုံတင် အမှတ်]

(၄) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) နှင့်အညီ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့်အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် အစဦးတင်ပို့ကုန်ရှိ မူလထုတ်ကုန်များ၏ တန်ဖိုးသည် ယူရို ၆၀၀၀ ထက်ကျော်လွန်မှသာလျှင် ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်ကို ဖော်ပြနိုင်သည်။

(၅) ထုတ်ကုန်များ၏ ပင်ရင်းနိုင်ငံကို ဖော်ပြရမည်။ ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်သည် အကောင်အထည် ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၁၂ ပါ အမိပ္ပါယ်ဖော်ပြချက်အတွင်း Ceuta နှင့် Melilla နိုင်ငံတွင် မူလအခြေပြုသည့် ထုတ်ကုန်များနှင့် အားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း ဆက်စပ်နေသည့်အခါ ပို့ကုန်တင်ပို့သူအနေဖြင့် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်ကို သင်္ကေတ 'XC/XL' နည်းလမ်းအရ ဖြည့်သွင်းဆောင်ရွက်ထားသည့် စာရွက်စာတမ်း၌ ၄င်းတို့ကို ရှင်းရှင်းလင်းလင်းဖော်ပြရမည်ဖြစ်သည်။

(၆) အပြည့်အဝရရှိသည့်ထုတ်ကုန်များအတွက် အင်္ဂလိပ်အက္ခရာ'P' ကို လည်းကောင်း၊ လုံလောက်စွာပြုပြင် ထုတ်လုပ်ထားပြီးထုတ်ကုန်များအတွက် Harmonised စနစ် (HS) အစဂဏန်းများနောက်မှ အင်္ဂလိပ် အက္ခရာ'W' (ဥပမာ'W' 9618) ကိုလည်းကောင်း ထည့်သွင်းရမည်။ အထက်ပါဖော်ပြချက်ကို အောက်ပါ ဖော်ပြချက်တစ်ခုခုဖြင့် ဆီလျှော်သလိုအစားထိုးနိုင်သည်- (က) နှစ်နိုင်ငံပေါင်းစုမှုကိစ္စများအတွက် 'EU cumulation' ဟုလည်းကောင်း၊ (ခ) နော်ဝေ၊ ဆွစ်ဇာလန် သို့မဟုတ် တူရကီနိုင်ငံများနှင့် ပေါင်းစုသောကိစ္စဖြစ်ပါက 'Norway cumulation', 'Switzerland cumulation', 'Turkey cumulation' ဟူ၍လည်းကောင်း(ဂ) ဒေသတွင်းပေါင်းစုသည့်ကိစ္စများအတွက် 'regional cumulation' နှင့် (ဃ) တိုးချဲ့ဆောင်ရွက်သောပေါင်းစုမှုများအတွက်'extended cumulation with country x' ဟု အစားထိုး ဖော်ပြနိုင်သည်။